# တိုင်းဒေသကြီး/ ပြည်နယ်များ၏
# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်
# ( အောက်တိုဘာလ မှ မတ်လအထိ )
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ

၂၀၂၀ ပြည့်နှစ်
စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ပထမ (၆) လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ပထမ (၆)လပတ် လျာထားချက် | ပထမ (၆)လပတ် အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း |
|---|---|---|---|---|
| | **ရငွေ** | **၁,၆၄၂,၁၇၃.၂၃၁** | **၁,၆၉၆,၀၉၁.၆၄၇** | **၁၀၃.၂၈%** |
| | သာမန် | ၁,၅၂၆,၆၃၁.၇၄၅ | ၁,၆၃၃,၀၂၇.၆၇၇ | ၁၀၆.၉၇% |
| | ငွေလုံးငွေရင်း | ၃၄,၁၂၆.၀၃၉ | ၃၃,၂၈၃.၁၄၃ | ၉၇.၅၃% |
| | ကြွေးမြီ | ၈၁,၄၁၅.၄၄၇ | ၂၉,၇၈၀.၈၂၇ | ၃၆.၅၈% |
| (ခ) | **သုံးငွေ** | **၁,၅၇၃,၉၂၈.၁၉၃** | **၁,၁၁၇,၃၆၃.၁၁၀** | **၇၀.၉၉%** |
| | သာမန် | ၅၀၁,၂၉၇.၀၅၁ | ၄၂၉,၅၂၅.၄၂၀ | ၈၅.၆၈% |
| | ငွေလုံးငွေရင်း | ၁,၀၇၂,၆၃၁.၁၄၂ | ၆၈၇,၈၃၇.၆၉၀ | ၆၄.၁၃% |
| | ကြွေးမြီ | - | | |
| (ဂ) | **ပိုငွေ(+)/ လိုငွေ(-)** | **+ ၆၈,၂၄၅.၀၃၈** | **+ ၅၇၈,၇၂၈.၅၃၇** | |

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေသုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လအထိ)
## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ်အတွက် ကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ် အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၁၀၀,၂၆၁.၈၃၉ | ၈၇,၅၀၇.၈၃၅ | +၁၂,၇၅၄.၀၀၄ | ၁၀၈,၂၃၃.၆၉၃ | ၅၁,၄၆၉.၃၉၁ | +၅၆,၇၆၄.၃၀၂ | ၁၀၇.၉၅% | ၅၈.၈၂% |
| ၂ | ယားပြည်နယ် | ၃၆,၇၄၂.၀၉၁ | ၄၁,၀၆၃.၉၆၃ | -၄,၃၂၁.၈၇၂ | ၃၈,၅၅၄.၆၇၆ | ၂၂,၇၉၈.၅၆၃ | +၁၅,၇၅၆.၁၁၃ | ၁၀၄.၉၃% | ၅၅.၅၂% |
| ၃ | ကရင်ပြည်နယ် | ၅၄,၀၂၈.၂၁၁ | ၆၃,၉၆၈.၀၂၉ | -၉,၉၃၉.၈၁၈ | ၅၉,၀၀၄.၇၀၁ | ၅၀,၂၆၈.၁၅၁ | +၈,၇၃၆.၅၅၀ | ၁၀၉.၂၁% | ၇၈.၅၈% |
| ၄ | ချင်းပြည်နယ် | ၈၂,၆၉၆.၆၃၅ | ၈၃,၅၀၈.၈၁၂ | -၈၁၂.၁၇၇ | ၈၅,၉၉၇.၈၈၂ | ၆၇,၇၄၃.၅၈၉ | +၁၈,၂၅၄.၂၉၃ | ၁၀၃.၉၉% | ၈၁.၁၂% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃၁,၈၂၉.၁၇၉ | ၁၃၂,၃၁၇.၃၂၀ | -၄၈၈.၁၄၁ | ၁၃၇,၅၁၄.၀၂၇ | ၈၅,၈၆၉.၈၃၀ | +၅၁,၆၄၄.၁၉၇ | ၁၀၄.၃၁% | ၆၄.၉၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၇,၈၉၆.၇၅၁ | ၉၈,၁၀၃.၁၆၀ | -၁၀,၂၀၆.၄၀၉ | ၉၁,၇၆၉.၆၅၀ | ၆၉,၈၅၂.၀၇၉ | +၂၁,၉၁၇.၅၇၁ | ၁၀၄.၄၁% | ၇၁.၂၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉၇,၅၈၅.၉၆၆ | ၉၇,၀၁၃.၆၃၈ | +၅၇၂.၃၂၈ | ၁၀၃,၈၂၁.၅၇၅ | ၅၄,၈၈၃.၉၉၁ | +၄၈,၉၃၇.၅၈၄ | ၁၀၆.၃၉% | ၅၆.၅၇% |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၀၄,၇၃၈.၆၄၃ | ၈၆,၂၁၈.၉၅၅ | +၁၈,၅၁၉.၆၈၈ | ၁၀၈,၆၃၄.၁၅၃ | ၇၃,၇၃၁.၈၈၃ | +၃၄,၉၀၂.၂၇၀ | ၁၀၃.၇၂% | ၈၅.၅၂% |
| ၉ | လေးတိုင်းဒေသကြီး | ၁၈၂,၅၇၉.၂၅၉ | ၁၇၁,၃၆၀.၀၄၀ | +၁၁,၂၁၉.၂၁၉ | ၁၅၄,၉၅၃.၂၈၂ | ၁၀၀,၅၃၆.၂၅၇ | +၅၄,၄၁၇.၀၂၅ | ၈၄.၈၇% | ၅၈.၆၇% |
| ၁၀ | မွန်ပြည်နယ် | ၆၆,၁၈၅.၀၃၁ | ၅၆,၅၇၈.၉၈၀ | +၉,၆၀၆.၀၅၁ | ၆၉,၅၄၁.၆၃၉ | ၄၇,၉၅၆.၉၆၃ | +၂၁,၅၈၄.၆၇၆ | ၁၀၅.၀၇% | ၈၄.၇၆% |
| ၁၁ | ရခိုင်ပြည်နယ် | ၁၀၀,၇၇၃.၂၅၀ | ၉၉,၆၁၀.၈၃၇ | +၁,၁၆၂.၄၁၃ | ၁၀၂,၆၃၁.၆၃၄ | ၈၁,၂၂၁.၈၃၄ | +၂၁,၄၀၉.၈၀၀ | ၁၀၁.၈၄% | ၈၁.၅၄% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၃၄၉,၈၆၁.၀၄၀ | ၃၃၃,၇၇၃.၅၁၉ | +၁၆,၀၈၇.၅၂၁ | ၃၇၇,၉၄၉.၅၆၈ | ၂၂၃,၇၉၀.၀၉၆ | +၁၅၄,၁၅၉.၄၇၂ | ၁၀၈.၀၃% | ၆၇.၀၅% |
| ၁၃ | ရှမ်းပြည်နယ် | ၁၅၇,၇၅၄.၁၂၄ | ၁၄၀,၉၆၃.၈၈၂ | +၁၆,၇၉၀.၂၄၂ | ၁၅၆,၉၉၃.၉၀၇ | ၁၂၂,၄၁၈.၄၉၇ | +၃၄,၅၇၅.၄၁၀ | ၉၉.၅၂% | ၈၆.၈၄% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၉,၂၄၁.၂၁၂ | ၈၁,၉၃၉.၂၂၃ | +၇,၃၀၁.၉၈၉ | ၁၀၀,၄၉၁.၂၆၀ | ၆၄,၈၂၁.၉၈၆ | +၃၅,၆၆၉.၂၇၄ | ၁၁၂.၆၁% | ၇၉.၁၁% |
| | စုစုပေါင်း | ၁,၆၄၂,၁၇၃.၂၃၁ | ၁,၅၇၃,၉၂၈.၁၉၃ | +၆၈,၂၄၅.၀၃၈ | ၁,၆၉၆,၀၉၁.၆၄၇ | ၁,၁၁၇,၃၆၃.၁၁၀ | +၅၇၈,၇၂၈.၅၃၇ | ၁၀၃.၂၈% | ၇၀.၉၉% |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လအထိ)
# တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ် အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၁၀၀,၂၆၁.၈၃၉ | ၁၅,၇၅၁.၁၉၁ | +၈၄,၅၁၀.၆၄၈ | ၁၀၈,၂၂၆.၉၉၃ | ၁၄,၁၇၂.၂၇၀ | +၉၄,၀၅၄.၇၂၃ | ၁၀၇.၉၄% | ၈၉.၉၈% |
| ၂ | ယားပြည်နယ် | ၃၆,၇၄၁.၈၉၁ | ၈,၈၃၄.၅၀၇ | +၂၇,၉၀၇.၃၈၄ | ၃၈,၄၉၃.၄၃၆ | ၇,၅၅၁.၀၇၀ | +၃၀,၉၄၂.၃၆၆ | ၁၀၄.၇၇% | ၈၅.၄၇% |
| ၃ | ကရင်ပြည်နယ် | ၅၄,၀၂၈.၂၁၁ | ၁၀,၁၃၂.၅၄၈ | +၄၃,၈၉၅.၆၆၃ | ၅၈,၉၉၇.၄၀၁ | ၉,၃၀၆.၃၂၇ | +၄၉,၆၉၁.၀၇၄ | ၁၀၉.၂၀% | ၉၁.၈၅% |
| ၄ | ချင်းပြည်နယ် | ၈၂,၆၉၆.၆၃၅ | ၁၇,၈၇၅.၅၉၄ | +၆၄,၈၂၁.၀၄၁ | ၈၅,၉၈၇.၂၇၂ | ၁၄,၇၆၃.၇၄၁ | +၇၁,၂၂၃.၅၃၁ | ၁၀၃.၉၈% | ၈၂.၅၉% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၃၁,၈၂၉.၁၇၉ | ၅၀,၁၈၄.၉၁၇ | +၈၁,၆၄၄.၂၆၂ | ၁၃၇,၅၁၂.၂၂၅ | ၄၀,၁၇၄.၄၉၆ | +၉၇,၃၃၇.၇၂၉ | ၁၀၄.၃၁% | ၈၀.၀၅% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၇,၈၉၆.၇၅၁ | ၁၄,၃၂၉.၁၁၅ | +၇၃,၅၆၇.၆၃၆ | ၉၁,၆၆၃.၅၁၀ | ၁၁,၂၀၅.၆၂၅ | +၈၀,၄၅၇.၈၈၅ | ၁၀၄.၂၉% | ၇၈.၂၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၉၇,၅၈၅.၉၆၆ | ၃၆,၉၃၁.၀၈၉ | +၆၀,၆၅၄.၈၇၇ | ၁၀၃,၇၇၄.၃၆၀ | ၂၉,၁၃၁.၁၂၂ | +၇၄,၆၄၃.၂၃၈ | ၁၀၆.၃၄% | ၇၈.၈၈% |
| ၈ | မကွေးတိုင်းဒေသကြီး | ၁၀၄,၇၃၈.၅၄၃ | ၄၁,၆၈၀.၃၄၀ | +၆၃,၀၅၈.၂၀၃ | ၁၀၈,၆၃၃.၇၈၅ | ၃၉,၀၁၀.၀၈၇ | +၆၉,၆၂၃.၆၉၈ | ၁၀၃.၇၂% | ၉၃.၅၉% |
| ၉ | လေးတိုင်းဒေသကြီး | ၁၄၁,၈၀၁.၇၂၂ | ၈၅,၈၅၀.၆၃၄ | +၅၅,၉၅၁.၀၈၈ | ၁၄၆,၃၁၈.၆၅၃ | ၆၈,၀၄၂.၅၄၇ | +၇၈,၂၇၆.၁၀၆ | ၁၀၃.၁၉% | ၇၉.၂၆% |
| ၁၀ | မွန်ပြည်နယ် | ၆၂,၃၀၃.၉၀၆ | ၁၃,၃၄၈.၇၉၆ | +၄၈,၉၅၅.၁၁၀ | ၆၈,၂၈၉.၄၇၀ | ၁၃,၇၁၆.၃၃၂ | +၅၄,၅၇၃.၁၃၈ | ၁၀၉.၆၁% | ၁၀၂.၇၅% |
| ၁၁ | ရခိုင်ပြည်နယ် | ၉၂,၇၈၂.၅၄၈ | ၂၃,၃၁၇.၀၃၀ | +၆၉,၄၆၅.၅၁၈ | ၉၉,၆၀၄.၄၂၈ | ၂၂,၆၆၇.၄၄၂ | +၇၆,၉၃၆.၉၈၆ | ၁၀၇.၃၅% | ၉၇.၂၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၈၇,၀၂၉.၁၉၄ | ၉၇,၇၃၁.၁၉၁ | +၁၈၉,၂၉၈.၀၀၃ | ၃၂၈,၃၂၈.၄၇၈ | ၇၇,၈၄၃.၈၈၁ | +၂၅၀,၄၈၄.၅၉၇ | ၁၁၄.၃၉% | ၇၉.၆၅% |
| ၁၃ | ရှမ်းပြည်နယ် | ၁၅၇,၇၅၄.၁၂၄ | ၅၆,၄၈၄.၉၂၇ | +၁၀၁,၂၆၉.၁၉၇ | ၁၅၆,၉၄၁.၈၈၇ | ၅၂,၈၆၂.၀၀၈ | +၁၀၄,၀၇၉.၈၇၉ | ၉၉.၄၉% | ၉၃.၅၉% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၈၉,၁၈၁.၂၃၆ | ၂၈,၈၄၅.၁၇၂ | +၆၀,၃၃၆.၀၆၄ | ၁၀၀,၂၅၅.၇၇၉ | ၂၉,၀၇၈.၄၇၂ | +၇၁,၁၇၇.၃၀၇ | ၁၁၂.၄၂% | ၁၀၀.၈၁% |
| | စုစုပေါင်း | ၁,၅၅၆,၆၃၁.၇၄၅ | ၅၀၁,၂၉၇.၀၅၁ | +၁,၀၅၅,၃၃၄.၆၉၄ | ၁,၆၃၃,၀၂၇.၆၇၇ | ၄၂၉,၅၂၅.၄၂၀ | +၁,၂၀၃,၅၀၂.၂၅၇ | ၁၀၆.၉၇% | ၈၅.၆၈% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ်အတွက် ကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ် အတွက် လျာထားချက် အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | ၇၁,၇၅၆.၆၄၄ | -၇၁,၇၅၆.၆၄၄ | ၆.၇၀၀ | ၃၇,၂၉၇.၁၂၁ | -၃၇,၂၉၀.၄၂၁ | | ၅၁.၉၈% |
| ၂ | ယားပြည်နယ် | ၀.၂၀၀ | ၃၂,၂၂၉.၄၅၆ | -၃၂,၂၂၉.၂၅၆ | ၆၁.၂၄၀ | ၁၅,၂၄၇.၄၉၃ | -၁၅,၁၈၆.၂၅၃ | ၃၀၆၂၀.၀၀% | ၄၇.၃၁% |
| ၃ | ကရင်ပြည်နယ် | | ၅၃,၈၃၅.၄၈၁ | -၅၃,၈၃၅.၄၈၁ | ၇.၃၀၀ | ၄၀,၉၆၁.၈၂၄ | -၄၀,၉၅၄.၅၂၄ | | ၇၆.၀၉% |
| ၄ | ချင်းပြည်နယ် | | ၆၅,၆၃၃.၂၁၈ | -၆၅,၆၃၃.၂၁၈ | ၁၀.၆၁၀ | ၅၂,၉၇၉.၈၄၈ | -၅၂,၉၆၉.၂၃၈ | | ၈၀.၇၂% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၈၂,၁၃၂.၄၀၃ | -၈၂,၁၃၂.၄၀၃ | ၁.၈၀၂ | ၄၅,၆၉၅.၃၃၄ | -၄၅,၆၉၃.၅၃၂ | | ၅၅.၆၄% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၈၃,၇၇၄.၀၄၅ | -၈၃,၇၇၄.၀၄၅ | ၁၀၆.၁၄၀ | ၅၈,၆၄၆.၄၅၄ | -၅၈,၅၄၀.၃၁၄ | | ၇၀.၀၁% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၆၀,၀၈၂.၅၄၉ | -၆၀,၀၈၂.၅၄၉ | ၄၇.၂၁၅ | ၂၅,၇၅၂.၈၆၉ | -၂၅,၇၀၅.၆၅၄ | | ၄၂.၈၆% |
| ၈ | မကွေးတိုင်းဒေသကြီး | ၀.၁၀၀ | ၄၄,၅၃၈.၆၁၅ | -၄၄,၅၃၈.၅၁၅ | ၀.၃၆၈ | ၃၄,၇၂၀.၇၉၆ | -၃၄,၇၂၀.၄၂၈ | ၃၆၈.၀၀% | ၇၇.၉၆% |
| ၉ | လေးတိုင်းဒေသကြီး | ၁၇,၂၁၀.၀၃၇ | ၈၅,၅၀၉.၄၀၆ | -၆၈,၂၇၉.၃၆၉ | ၆,၉၁၈.၇၉၂ | ၃၂,၄၉၃.၇၁၀ | -၂၅,၅၇၄.၉၁၈ | ၄၀.၁၆% | ၃၈.၀၀% |
| ၁၀ | မွန်ပြည်နယ် | | ၄၃,၂၃၀.၁၈၄ | -၄၃,၂၃၀.၁၈၄ | ၁,၂၅၂.၁၆၉ | ၃၄,၂၄၀.၆၃၁ | -၃၂,၉၈၈.၄၆၂ | | ၇၉.၂၀% |
| ၁၁ | ရခိုင်ပြည်နယ် | ၇,၉၉၀.၇၀၂ | ၇၆,၂၉၃.၈၀၇ | -၆၈,၃၀၃.၁၀၅ | ၃,၀၂၇.၂၀၆ | ၅၈,၅၃၄.၃၉၂ | -၅၅,၅၂၇.၁၈၆ | ၃၇.၈၈% | ၇၆.၇၅% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၈,၉၀၅.၀၀၀ | ၂၃၆,၀၄၂.၃၂၈ | -၂၂၇,၁၃၇.၃၂၈ | ၂၀,၇၈၁.၂၀၆ | ၁၄၅,၉၄၆.၂၁၅ | -၁၂၄,၁၆၅.၀၀၉ | ၂၃၃.၆၀% | ၆၁.၈၃% |
| ၁၃ | ရှမ်းပြည်နယ် | | ၈၄,၄၇၈.၉၅၅ | -၈၄,၄၇၈.၉၅၅ | ၅၂.၀၂၀ | ၆၉,၅၅၆.၄၈၉ | -၆၉,၅၀၄.၄၆၉ | | ၈၂.၃၄% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၅၃,၀၉၄.၀၅၁ | -၅၃,၀၉၄.၀၅၁ | ၁၀.၃၇၅ | ၃၅,၇၄၃.၅၁၄ | -၃၅,၇၃၃.၁၃၉ | | ၆၇.၃၂% |
| | စုစုပေါင်း: | ၃၄,၁၂၆.၀၃၉ | ၁,၀၇၂,၆၃၁.၁၄၂ | -၁,၀၃၈,၅၀၅.၁၀၃ | ၃၃,၂၈၃.၁၄၃ | ၆၈၇,၈၃၇.၆၉၀ | -၆၅၄,၅၅၄.၅၄၇ | ၉၇.၅၃% | ၆၄.၁၃% |

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ် (အောက်တိုဘာလမှ မတ်လအထိ)
# တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
# (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ခု ပထမ(၆) လပတ်အတွက် ကောင်အထည်ဖော်နိုင်မှု | | | ပထမ (၆)လပတ် အတွက် လျာထားချက် အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၂၃,၅၄၇.၅၀၀ | | +၂၃,၅၄၇.၅၀၀ | ၁,၇၁၅.၈၃၇ | | ၁,၇၁၅.၈၃၇ | ၇.၂၉% | |
| ၁၀ | မွန်ပြည်နယ် | ၃,၈၈၁.၁၂၅ | | +၃,၈၈၁.၁၂၅ | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၅၃,၉၂၆.၈၄၆ | | +၅၃,၉၂၆.၈၄၆ | ၂၇,၈၃၉.၈၈၄ | | +၂၇,၈၃၉.၈၈၄ | ၅၁.၆၃% | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅၉.၉၇၆ | | +၅၉.၉၇၆ | ၂၂၅.၁၀၆ | | +၂၂၅.၁၀၆ | ၃၇၅.၃၃% | |
| | စုစုပေါင်း | ၈၁,၄၁၅.၄၄၇ | | +၈၁,၄၁၅.၄၄၇ | ၂၉,၇၈၀.၈၂၇ | | +၂၉,၇၈၀.၈၂၇ | ၃၆.၅၈% | |

နောက်ဆက်တွဲ(ခ)

## တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေအား သုံးသပ်တင်ပြချက်

**သာမန်ရငွေသုံးငွေ**

၁။ ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး / ပြည်နယ် (၁၄) ခု၏ သာမန်ရငွေပိုင်းတွင် ပထမ (၆) လပတ် လျာထားချက် ကျပ် ၁,၅၂၆,၆၃၁.၇၄၅ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁,၆၃၃,၀၂၇.၆၇၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၉၇ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ (၆) လပတ် လျာထားချက် ကျပ် ၅၀၁,၂၉၇.၀၅၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၂၉,၅၂၅.၄၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၅.၆၈ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) <u>သာမန်ရငွေပိုမိုရရှိမှု</u>

(၁) <u>ကချင်ပြည်နယ်။</u> အခွန်ရငွေတွင် ယစ်မျိုးခွန်၊ ပစ္စည်းခွန်နှင့် ဘီးခွန်များပိုမိုကောက်ခံရရှိခြင်း၊ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့၏ ရေအားလျှပ်စစ်ဓါတ်အားခရငွေ၊ ဘဏ္ဍာသိမ်းရငွေ၊ တင်ဒါလျှောက်လွှာရောင်းရငွေ ၊ ဒဏ်ကြေးငွေများပိုမိုရရှိခြင်း၊ ပြည်နယ်တရားလွှတ်တော်၏ မိတ္တူးကူးခနှုန်းတိုးမြှင့် သတ်မှတ်ကောက်ခံခြင်း၊ ငွေဒဏ်တပ်ရိုက်သည့်အမှု များပြားခြင်း၊ မော်တော်ယာဉ်အမှုများများပြားခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အထွေထွေရငွေများ၊ ခရိုင်(၄)ခရိုင်၏ အခွန်အခ ရငွေများနှင့် ဌာနပိုင်ဆိုင်ခန်းငှားရမ်းခများပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့၏ ပစ္စည်းခွန်၊ ဘီးခွန်များပိုမိုကောက်ခံရရှိခြင်း၊ လုပ်ငန်းလိုင်စင်ခွန်နှင့် အရပ်ရပ်အခွင့်အရေးလိုင်စင်ခများ ကောက်ခံရရှိခြင်း။

(၂) <u>ကယားပြည်နယ်။</u> အခွန်ရငွေတွင် မြေခွန်ပေးသွင်းခြင်း၊ ဓါတ်သတ္တုခွန်များပိုမိုကောက်ခံရရှိခြင်း၊ ငါးမွေးမြူသူလုပ်ငန်းရှင်များမှ လိုင်စင်ခွန်များပေးသွင်းခြင်း၊ အခြားသာမန်ရငွေတွင်ဌာနအချို့၌ တင်ဒါလျှောက်လွှာရောင်းချရငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းငွေများ၊ ပြည်နယ်အစိုးရအဖွဲ့၌ ရေတင်ခရငွေ၊ ဗွီဒီယိုလုပ်ငန်းလိုင်စင်ကြေးနှင့် ကယားပြည်နယ်နေ့ ဆိုင်ခန်းရောင်းချရငွေများရရှိခြင်း၊ အခွန်ဝေစုများလျာထားသည်ထက်ပိုမိုရရှိခြင်း၊ ပြည်နယ်တရားလွှတ်တော်တွင်ဒဏ်ကြေးငွေများ ကောက်ခံရရှိခြင်းနှင့် စာမေးပွဲဝင်ကြေးများရရှိခြင်း ၊ ပြည်နယ်စာရင်းစစ်ရုံးမှ မော်တော်ယာဉ်ဘတ္တရီအိုဟောင်းများ ရောင်းချ

ရငွေနှင့် ဝန်ထမ်း (၁) ဦး နှုတ်ထွက်သည့်အတွက် လျော်ကြေးပေးသွင်းခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးရွာမြေငှားဂရန်များနှင့် လိုင်စင်ကြေးများ ရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ အဆောက်အဦဟောင်းဖျက်သိမ်း လေလံ လျှောက်လွှာရောင်းရငွေများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် သားသတ် ကောင်ရေ(အရှင်)စစ်ဆေးခြင်းမှရငွေများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနတွင် ဓါတ်ခွဲစမ်းသပ်ခများရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် လမ်းခင်းကျောက် ထုတ်လုပ်ခြင်းအတွက် အခွန်ပေးသွင်းခြင်းမှရငွေများ၊ ဆင်လိုင်စင်ခွန် ပေးသွင်းခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် မြို့နယ်များငွေစုစာအုပ် စုဆောင်းငွေမှ အတိုးရငွေများ၊ အဆောက်အဦစစ်ဆေးခနှင့် အန္တရာယ်ရှိသော လုပ်ငန်းလိုင်စင်ခ များပိုမိုရရှိခြင်း။

(၃) <u>ကရင်ပြည်နယ်။</u> အခွန်ရငွေတွင် ရေခွန်များ၊ ယစ်မျိုးခွန်၊ မြေယာခွန်၊ ဓါတ်သတ္တုခွန်၊ အင်းအိုင်ခွန်၊ ပစ္စည်းခွန်နှင့် ဘီးခွန်တို့မှ ပိုမိုကောက်ခံရရှိခြင်း၊ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့၌ မြစ်ရေတင်လုပ်ငန်းများမှ ရေတင်ခများရရှိခြင်း၊ စီမံခန့်ခွဲရေးစရိတ်များပေးသွင်းခြင်း၊ လိုင်စင်မဲ့မော်တော် ဆိုင်ကယ်များမှ ဒဏ်ကြေးရရှိခြင်း၊ အခွန်ဝေစုများရရှိခြင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ အိမ်/ဆိုင်ခန်း ငှားရမ်းခရငွေများရရှိခြင်း၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဓါတ်မြေဩဇာနှင့် လိုင်စင်ကြေးများရရှိခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက် ရောင်းရငွေများနှင့် ငါးဖမ်းကိရိယာလိုင်စင်ခွန်များမှရရှိခြင်း၊ သစ်တောဦးစီးဌာနမှ ဆယ်တင်ပစ္စည်း လေလံတင်ရောင်းချခြင်း၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ တင်ဒါလျှောက်လွှာရောင်းရငွေများ ရရှိခြင်း။

(၄) <u>ချင်းပြည်နယ်။</u> အခွန်ရငွေ၌ ယစ်မျိုးခွန်၊ ငါးမွေးကန်လိုင်စင်ခွန်၊ အခြား အသေးဖွဲ့ သစ်တောထွက်ပစ္စည်းများမှ အခွန်ရငွေ၊ ဘီလ်သက်တမ်းတိုးအခွန် ပေးသွင်းခြင်း၊ အခွင့်အရေးလိုင်စင်ခများ၊ ပစ္စည်းခွန်နှင့်ဘီးခွန်များ ပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေတွင် ပြည်နယ်၏ဌာနအချို့မှ တင်ဒါလျှောက်လွှာရောင်း ရငွေများရရှိခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ မြေငှားဂရမ်ရငွေများပိုမိုရရှိခြင်း၊ ပြည်ထောင်စုမှခွဲဝေပေးသည့် အခွန်ဝေစုများလျာထားချက်ထက်ပိုမိုရရှိခြင်း၊ ပြည်နယ်တရားလွှတ်တော်တွင် ယစ်မျိုးမှု၊ အခြားရာဇဝတ်မှု၊ မော်တော်ယာဉ်မှုများ၊ တရားစွဲဆိုမှုများ များလာသဖြင့် ဒဏ်ကြေးငွေများ ပိုမိုရရှိခြင်း၊ ပြည်နယ်စာရင်း စစ်ချုပ်တွင်သတင်းစာဟောင်းရောင်းရငွေများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီး

ဌာနတွင် မြေဂရမ်နောက်ကျကြေးပေးသွင်းငွေများ၊ ကျောက်ထုတ်လုပ်ငန်းများ များပြားသဖြင့်ရငွေပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းရက်ထည်များ ရောင်းရငွေ၊ အသေးစားလုပ်ငန်းမှတ်ပုံတင်ကြေးများရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် တရားမဝင်သစ်များမှဒဏ်ငွေများရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အငှားအိမ်ရာများမှ ငှားရမ်းခများရရှိခြင်း၊ အိမ်လခပေးသွင်းရန် နောက်ကျသဖြင့် ဒဏ်ကြေးငွေများရရှိခြင်း။

(၅) <u>စစ်ကိုင်းတိုင်းဒေသကြီး။</u> အခွန်ရငွေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၌ ရွှေသတ္တု လုပ်ငန်းရှင်များမှ အခွန်ရရှိငွေများ လျာထားသည်ထက်ပိုမိုရရှိခြင်း ၊ အခြားသာမန် ရငွေတွင် တိုင်းဒေသကြီးဌာနအဖွဲ့အစည်းများမှ တင်ဒါပုံစံရောင်းရငွေများရရှိခြင်း၊ တိုင်းဒေသကြီးလွှတ်တော်မှ စာအုပ်ဝယ်ယူခဲ့ခြင်းအတွက် ကော်မရှင်ခရရှိခြင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တွင် ကျွဲ / နွား လေလံရောင်းချရငွေ၊ မော်တော်ယာဉ် တပ်ရိုက်ဒဏ်ငွေများရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဆိုင်ခန်းငှား ခများရရှိခြင်း၊ လယ်ယာမြေဒဏ်ကြေးငွေများ ကောက်ခံရရှိခြင်း၊ ပိုမိုထုတ်ငွေများ ပြန်လည်ပေးသွင်းခြင်း၊ သမဝါယမဦးစီးဌာနတွင် အသင်းမှတ်ပုံတင်ကြေးများ လျာထားသည့်ထက် ပိုမိုရရှိခြင်း၊ ပိုပေးမိငွေမှ ပြန်ရရှိခြင်း၊ ဒဏ်ကြေးများရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်အသစ်များ၊ သက်တမ်းတိုးမြှင့်ခြင်းများ၊ ကဒ်လဲကြေးနှင့် မိတ္တူကြေးများရရှိခြင်း၊ သစ်တောဦးစီး ဌာနတွင် သစ်စက်လိုင်စင်သက်တမ်းတိုး ကောက်ခံရရှိခြင်းနှင့် သက်တမ်းတိုးရန် ပျက်ကွက်သည့်အတွက် ရက်လွန်ဒဏ်ကြေးကောက်ခံရရှိခြင်း၊ သစ်တောမှုများမှ COD ကြေးကောက်ခံရရှိခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ကုမ္ပဏီများမှ ရက်လွန်ဒဏ်ကြေးပေးသွင်းမှုမှရငွေများပိုမိုရရှိခြင်း၊ စည်ပင် သာယာရေးအဖွဲ့၌ တစ်ချို့မြို့နယ်များမှ ဒုတိယ(၆)လပတ်တွင် ကောက်ခံရန် လျာထားသည့်အဆောက်အဦနှင့် မြေခွန်များ ကြိုတင်ကောက်ခံရရှိ၍ ပိုမိုရရှိခြင်း။

(၆) <u>တနင်္သာရီတိုင်းဒေသကြီး။</u> အခွန်ရငွေ၌ ဘီးခွန်၊ ဓါတ်သတ္တုခွန်များရရှိခြင်း၊ ယစ်မျိုးအခွန်နှုန်းထားမြှင့်သော လိုင်စင်အမျိုးအစား ပြောင်းလဲလျှောက်ထားခြင်း၊ ရေနှင့်တာတမံခွန်နှုန်းထားအသစ်ဖြင့် တိုးမြှင့်ကောက်ခံခြင်းကြောင့် ပိုမိုရရှိခြင်း၊ ငါးဖမ်းကိရိယာလိုင်စင်ခွန်၊ မွေးမြူရေးလိုင်စင်ခွန်နှင့် ရေချိုကိရိယာခွန်များ

ပိုမိုရရှိခြင်း၊ အိမ်မွေးငှက်သိုက်အိမ်များမှ ငှက်သိုက်အခွန်များ ပိုမိုကောက်ခံရရှိခြင်း၊ ဘီးခွန်များ ပိုမိုကောက်ခံရရှိခြင်း၊ အခြားသာမန်ရငွေတွင် တင်ဒါလျှော့ကျွော်လွှာရောင်းရငွေများရရှိခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၌ အခွန်ဝေစုများ လျာထားချက်ထက်ပိုမိုရရှိခြင်း၊ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဒဏ်ကြေးငွေရရှိခြင်း ၊တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ဝေသည့် SOP စာအုပ်ရောင်းချရငွေများရရှိခြင်း၊ မြေငှားရမ်းခများရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ စက်တပ်လှေအပေါ် ကောက်ခံရရှိသည့် Royalty Fee ဝင်ငွေများလွှဲပြောင်းရရှိခြင်း၊ စာရင်းစစ် စစ်ဆေးချက်အရ ပိုပေးမိငွေမှပြန်လည်ရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပိုပေးမိငွေမှပြန်လည်ပေးသွင်းခြင်း၊ ဗွီဒီယို၊ ကာရာအိုကေနှင့် တေးသံသွင်းလိုင်စင်များသက်တမ်းတိုးခြင်းအပေါ် နောက်ကျဒဏ်ကြေးများရရှိခြင်းနှင့် ပွဲလမ်းသဘင်ဆောင်ရွက်ခြင်းမှ ရငွေများရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးစစ်ဆေးမှုမှ ပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနမှ သစ်သားလှေခွဲ/ အင်ဂျင်စက်များ လေလံတင်ရောင်းချခြင်းနှင့် သစ်စက်လိုင်စင် သက်တမ်းတိုးမြှင့်ပေးခြင်းမှရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ငှားရမ်းခရငွေနှင့် ဒဏ်ကြေး၊ စုပေါင်းပိုင်လုပ်ငန်းလိုင်စင်ကြေး ၊ အိမ်ခန်းငှားရမ်းလျှော့ကျွော်လွှာရောင်းရငွေများ ပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ဆိုင်လုပ်ငန်းလိုင်စင်၊ ပုဂ္ဂလိကအိမ်ဆိုင်လုပ်ငန်းလိုင်စင်ခများ၊ ဘေးအန္တရာယ်လိုင်စင်ခများ ပိုမိုကောက်ခံရရှိခြင်း။

(၇) <u>ပဲခူးတိုင်းဒေသကြီး။</u> အခြားသာမန်ရငွေ၌ တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများမှ တင်ဒါလျှော့ကျွော်လွှာရောင်းရငွေများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ကျွဲ /နွားများသယ်ဆောင်ခ၊ စက်မှုဇုံမြေငှားရမ်းခမြေခွန်ရရှိခြင်း ၊ အခွန်ဝေစုရငွေများ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့် UNDP မှထောက်ပံ့ငွေများရရှိခြင်း၊ အချို့ဌာန၊ အဖွဲ့အစည်းများတွင် စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းခြင်း၊ စာရင်းစစ်ချုပ်ရုံးမှ သင်တန်းကြေးရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ စက်ရုံအလုပ်ရုံနှင့် အထပ်မြင့်အဆောက်အဦများ ပိုမိုတည်ဆောက်လာသဖြင့်ဆောင်ရွက်ပေးမှုမှရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့လိုင်စင်အသစ်များထုတ်ပေးခြင်း၊ ဒဏ်ကြေးငွေများရရှိခြင်း၊ စပါးသန့်စင်ခြင်းလုပ်ငန်းမှရငွေများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးခြံမှတ်ပုံတင်ခြင်း၊တိရစ္ဆာန်များ ကျန်းမာကြောင်းနှင့်ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်များထုတ်ပေးခြင်း၊ အများပြည်သူများ

စားသုံးရန် သတ်ဖြတ်မည့်တိရစ္ဆာန် ကျန်းမာရေးစစ်ဆေးခြင်းတို့မှ ရငွေများ ရရှိခြင်း၊ ပျားထွက်ပစ္စည်းရောင်းချရငွေများရရှိခြင်း၊ သမဝါယမဦးစီးဌာနမှ အိမ်ခန်းငှားရမ်းခရငွေနှင့် ပစ္စည်းဟောင်းများရောင်းချရငွေများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းမှတ်ပုံတင်အသစ်များ ပိုမိုရရှိခြင်း၊ လုပ်ငန်းလိုင်စင်များသက်တမ်းတိုးခြင်း၊ မှတ်ပုံတင်လျှောက်လွှာများ ရောင်းချ ရငွေများရရှိခြင်း၊ သစ်တောဦးစီးဌာနမှ ငှားရမ်းခ၊ အခွန်အခနှင့်ဘဏ္ဍာငွေအဖြစ် သိမ်းခြင်းတို့မှရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်သူ့အငှားအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများမှ အိမ်လခများရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ပစ္စည်းခွန် များကောက်ခံရာတွင် ခေတ်နှင့်လျော်ညီသည့်နှုန်းထားများ ပြင်ဆင်ကောက်ခံ ခြင်းမှရငွေ၊ ဘီးခွန်များပိုမိုရရှိခြင်း၊ အဆောက်အဦကြီးကြပ်ခ၊ စီးပွားရေး ကြော်ငြာဆိုင်းဘုတ်စိုက်ထူခ၊ စားသောက်ဆိုင်နှင့် ဘေးအန္တရာယ်လုပ်ငန်း လိုင်စင်ခများ နှုန်းထားအသစ်ဖြင့် တိုးမြှင့်ကောက်ခံခြင်းနှင့် အတိုးရငွေများပိုမို ရရှိခြင်း။

(၈) <u>မကွေးတိုင်းဒေသကြီး။</u> အခွန်ရငွေ၌ မြေခွန်၊ ယစ်မျိုးခွန်၊ ရေခွန်နှင့် တာတမံခွန်၊ ဓါတ်သတ္တုခွန်များအား လုပ်ငန်းရှင်အချို့မှ တစ်နှစ်လုံးအတွက် အခွန်များ ပေးသွင်းခဲ့ခြင်းကြောင့်ပိုမိုရရှိခြင်း၊ ဂရန်အင်းနှင့် တင်ဒါပိုက်ချက်များမှရရှိသော အခွန်ငွေနှင့် ရေချိုငါးဖမ်းကိရိယာခွန်ကောက်ခံခြင်းတို့မှ အခွန်ရငွေများ ပိုမိုရရှိခြင်း၊ အဆောက်အဦ၊ မြေခွန်၊ ဘီးခွန်တို့မှပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၌ အခွန်ဝေစုများ လျာထားချက်ထက်ပိုမိုရရှိခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေလျာထားချက်ထက် ပိုမို ရရှိခြင်းနှင့် အရေးပေါ်ရန်ပုံငွေအား ပထမ(၆)လပတ်တွင်အပြည့်အဝရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အခွန်လွတ် သာသနာ့ဂရန်လျှောက်ထားရာတွင် ပေးသွင်းသည့်မြေခွန် အဆ(၂၀)ပေးသွင်းခြင်း၊ မြေဂရန်ဒဏ်ကြေး ငွေပေးသွင်းခြင်း ရငွေများရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦစစ်ဆေးခြင်း၊ ရေပေးဝေခြင်း၊ စားသောက်ဆိုင်နှင့် ဘေးအန္တရာယ်စစ်ဆေးခြင်း၊ သားသတ် လိုင်စင်များနှင့် စီးပွားရေးကြော်ငြာဆိုင်းဘုတ်အခွန်တို့မှ ရငွေများပိုမိုရရှိခြင်း။

(၉) <u>မန္တလေးတိုင်းဒေသကြီး။</u> အခွန်ရငွေ၌ ယစ်မျိုးခွန်များအား တစ်ကြိမ်တည်း အကြေပေးသွင်းခဲ့ခြင်းနှင့် ဖမ်းဆီးရမိသစ်များ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်း ပေးခြင်းမှရရှိခြင်း ၊ အခြားသာမန်ရငွေတွင် တင်ဒါလျှောက်လွှာရောင်းရငွေများ၊

စာမေးပွဲကြေးရငွေ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ရုံးမှ မော်တော်ယာဉ်ဥပဒေအရ တပ်ရိုက်သော ဒဏ်ငွေများမှရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦများ စစ်ဆေးခြင်းနှင့် နှစ်ကျော်ပြန်သွင်းခြင်းများကြောင့် ပိုမိုရရှိခြင်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဆိုင်ခန်းငှားရမ်းခများ တိုးမြှင့်ကောက်ခံရရှိခြင်း၊ မြေငှားဂရန်ကြိုတင်မြေခွန်များ ပိုမိုကောက်ခံရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးဆိုင်၊ မြေဩဇာဆိုင်နှင့်မျိုးစေ့ဆိုင်များတိုးပွားလာခြင်းကြောင့် ပိုမိုရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူရေးခြံမှတ်ပုံတင်ထုတ်ပေးခြင်း၊ ကြက်ပေါက်ဖြန့်ဖြူးမှု စစ်ဆေးခရငွေများ၊ ပျားဘုရင်မရောင်းချခြင်းတို့မှရရှိခြင်း၊အမှတ်တရပစ္စည်းများ ပိုမိုရောင်းချခြင်းနှင့် စီမံဆောင်ရွက်ခရငွေများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဓါတ်ခွဲစမ်းသပ်ခြင်း၊ လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုးခြင်း၊ သစ်တောဦးစီးဌာနမှ သစ်စက်လိုင်စင်သက်တမ်းတိုးခြင်း၊ ဘီလ်သက်တမ်းတိုးခြင်း၊ မျောစာခွန်များကောက်ခံရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအသစ်များမှ အိမ်လခများရရှိခြင်း၊ လမ်းဦးစီးဌာနမှ အချုပ်ခန်း၊ ရတနာခန်းစစ်ဆေးခရငွေနှင့် မြစ်သားဂိတ်လမ်း အသုံးပြုခရငွေ၊ စည်ပင်သာယာရေးကော်မတီမှ အငှားအိမ်ရာ အိမ်လခပေးသွင်းခြင်း၊ ကျုံးဘေးနေရာ ငှားရမ်းခြင်း၊ ပန်းဈေးအသစ်ဖွင့်လှစ်ခြင်း၊ ရတနာပုံဈေးရိယာ ငှားရမ်းခြင်း၊ အစိုးရမြေဂရန်အသစ် လျှောက်ထားခြင်း၊ သတင်းစာကြော်ငြာခများ ပိုမိုရရှိခြင်းနှင့် ကန်တော်ကြီးငှားရမ်းခရငွေများရရှိခြင်း။

(၁၀) <u>မွန်ပြည်နယ်</u>။ အခြားသာမန်ရငွေ၌ ပြည်နယ်အစိုးရအဖွဲ့မှ ဒဏ်ကြေးငွေ၊ ရော်ဘာပင်ရောင်းချရငွေ၊ စစ်တောင်းစက္ကူစက် ဝန်ထမ်းအိမ်ရာမှ မီတာခရငွေ၊လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပြုလုပ်ခြင်းမှရငွေ၊ စပါးရိတ်သိမ်းခြွေလှေ့စက် ငှားရမ်းခရငွေ၊ ပြည်နယ်လွှတ်တော်ရုံးမှ ဥပဒေစာအုပ်များ ရောင်းချရငွေ၊ ပြည်နယ်တရားလွှတ်တော်ရုံးမှ ယစ်မျိုးမှုများနှင့် အခြား ရာဇဝတ်မှုများမှ ကောက်ခံရရှိသည့် ဒဏ်ကြေးငွေများရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ဒါလျှောက်လွှာရောင်းချရငွေ၊ အသင်းအဖွဲ့မှတ်ပုံတင်ကြေး၊ မြေခွန် အဆ(၂၀)နှင့် ကြိုတင်မြေငှားခွန်များ၊ ဘီလီယက်ခုံ လိုင်စင်ကြေးများမှ ပိုမိုရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦ စစ်ဆေးခရငွေ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ငါးသားပေါက်ရောင်းချရငွေများ ပိုမိုရရှိခြင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဆိုင်ခန်းငှားရမ်းခများပိုမိုရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး

ဦးစီးဌာနမှ အိမ်လခနှင့် GSM တာဝါတိုင်ငှားရမ်းခရငွေများ ရရှိခြင်း၊ လမ်းဦးစီးဌာနမှဘဏ်နှင့် အချုပ်ခန်းစစ်ဆေးခရငွေ၊ ယမ်းတိုက်မြေနေရာ ငှားရမ်းခရငွေ၊ စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်နှင့် အညစ်အကြေးသိမ်းဆည်းခြင်းမှရငွေ၊ ရေပေးခြင်းမှရငွေ၊ အနေ့ယာဉ် ပိုင်ရှင်လိုင်စင်ခရငွေ၊ အဆောက်အဦ၊ မြေ၊ ဈေးများနှင့် ဈေးဆိုင်ခန်းများ၊ သားသတ်ရုံခ၊ အများသုံးအိမ်သာနှင့်ရေချိုးခန်းများ စသည်တို့မှ ငှားရမ်းခရငွေ၊ ယာဉ်ရပ်နားစခန်းဝင်ကြေးနှင့်ရပ်နားခ၊ ယာဉ်စောင့်လုပ်ငန်းမှရငွေ၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်စိုက်ထူခ၊ သုသာန်မြေများနှင့် နိဗ္ဗာန်ယာဉ်ငှားခ၊ မီးသဂြိုလ်စက်နှင့် ဇရပ်အသုံးပြုခြင်းမှရငွေ၊ သားသတ်နှင့် အသားရောင်း လိုင်စင်ခများ၊ အခြားအခွင့်အရေးလိုင်စင်ခများ၊ စီးပွားကုန်သွယ်လုပ်ငန်းမှအမြတ်ရငွေနှင့် အတိုးရငွေတို့ ပိုမိုရရှိခြင်း။

(၁၁) <u>ရခိုင်ပြည်နယ်။</u> အခွန်ရငွေ၌ CS ယစ်မျိုးလိုင်စင်အမျိုးအစားမှ လိုင်စင်နှုန်းထားများပြားသည့် FL လိုင်စင်အမျိုးအစားများသို့ ပြောင်းလဲခြင်း၊ ဓါတ်သတ္တုခွန်လိုင်စင်များ ပိုမိုထုတ်ပေးခြင်းနှင့် ဓါတ်သတ္တုခွန်များ၊ ကျေးရွာမြေငှားဂရန်များထုတ်ပေးခြင်း၊ ရေထွက်ပစ္စည်းလိုင်စင်ခွန်နှင့် ကိရိယာခွန်၊ ငါးစိုခွန်၊ လှေခွန်၊ အဆောက်အဦနှင့် မြေခွန်၊ ဘီးခွန်များမှ ပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေများ ရရှိခြင်း၊ ပြည်ထောင်စုမှ အခွန်ဝေစုများကိုလျာထားသည် ထက်ပိုမိုရရှိခြင်း၊ ပြည်နယ်လွှတ်တော်ရုံးမှ တင်ဒါလျှော့ကျွဲလွှာရောင်းချရငွေများ ရရှိခြင်း၊ မြေငှားရမ်းခရငွေနှင့် စာရင်းစစ်ကန့်ကွက်ငွေပြန်သွင်းခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသင်းအဖွဲ့မှတ်ပုံတင်ငွေများ ပေးသွင်းခြင်းနှင့် ဆိုင်ခန်းငှားရမ်းခများရရှိခြင်း၊ ပိုပေးမိငွေမှပြန်သွင်းငွေများ၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦအသစ်များ စစ်ဆေးခရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပုဇွန်သားပေါက်ရောင်းရငွေ၊ တိရိစ္ဆာန်ကာကွယ်ဆေးထိုးနှံခ၊ တိရိစ္ဆာန်အသားစစ်ဆေးခ၊ ခြံစာရင်းစစ်ဆေးခများ ရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းမှတ်ပုံတင်ကဒ်များ သက်တမ်းတိုးခြင်းမှရရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဆားကွင်းသစ်များဖော်ထုတ်ခြင်းနှင့် ဆားကွင်းဟောင်းများသက်တမ်းတိုး ဝန်ဆောင်ခရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ငှားရမ်းခနှုန်းထားတိုးမြှင့် ကောက်ခံခြင်းမှရငွေ ၊ ဒဏ်ကြေးငွေများနှင့် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်းမှရငွေ၊ လမ်းဦးစီးဌာနမှဘဏ်တိုက် စစ်ဆေးခ၊

စည်ပင်သာယာရေးအဖွဲ့တွင် အရပ်ရပ်အခွင့်အရေးလိုင်စင်ခများ၊ အဆောက်အဦ စစ်ဆေးခများ၊ ရေပေးခြင်းနှင့် လုပ်ငန်းလိုင်စင်ခများမှ ပိုမိုရရှိခြင်း။

(၁၂)ရန်ကုန်တိုင်းဒေသကြီး။ အခွန်ရငွေ၌ ယစ်မျိုးခွန်၊ ဓါတ်သတ္တုခွန်၊ အင်းအိုင်ခွန်များပိုမိုရရှိခြင်း၊ ရှားစေးအခွန်ပိုမိုကောက်ခံရရှိခြင်း၊ မော်တော်ယာဉ်ဘီးခွန်၊ ယာဉ်ရပ်နားခဝင်ငွေများ၊ မော်တော်ယာဉ်အရေအတွက် များပြားလာ၍ လိုင်စင်သက်တမ်းတိုးခြင်းအတွက် ဘီးခွန်များပိုမိုရရှိခြင်း၊ ရေလုပ်ငန်းသုံး ရေခဲစက်(၁၄)ခုမှ ကြွေးကျန်များ လာရောက်ပေးသွင်းထားခြင်း၊ နိုင်ငံခြားငွေဖြင့်စည်းကြပ်သော အဆောက်အဦများမှ ဝင်ငွေပိုမိုရရှိခြင်း၊ အခြားသာမန်ရငွေ၌ တိုင်းဒေသကြီး အစိုးရဖွဲ့မှ ဒဏ်ကြေးရငွေနှင့် ပိုပေးမိသည့်ငွေများ ပြန်လည်ပေးသွင်းရရှိခြင်း၊ မိတ္တူကူးခများ၊ ဝန်ထမ်းနှုတ်ထွက်ခြင်းမှ လျော်ကြေးငွေ ရရှိခြင်း၊ မြေငှားဂရန် အထူးဝန်ဆောင်ခရငွေရရှိခြင်း၊ ရုံးခန်းငှားရမ်းခနှင့် မြေငှားရမ်းခများရရှိခြင်း၊ အသင်းအဖွဲ့မှတ်ပုံတင်ကြေးများရရှိခြင်း၊ တင်ဒါလျှောက်လွှာရောင်းချရငွေမှ ရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦများ၊ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခရငွေများ ပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှဓါတ်ခွဲစမ်းသပ်ခရငွေ ၊ သင်တန်းအတွက်ရငွေ၊ မှတ်ပုံတင်လျှောက်လွှာရောင်းရငွေနှင့် သက်တမ်းလွန် ဒဏ်ကြေးရငွေများပိုမိုရရှိခြင်း၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ဗီဒီယိုလိုင်စင်အသစ်ပြုလုပ်ခြင်း၊ သက်တမ်းတိုးခြင်း၊ ရုပ်ရှင်ရုံလိုင်စင်ခများနှင့် ဆိုင်ခန်းခများ တိုးမြှင့်ကောက်ခံခြင်းကြောင့်ပိုမိုရရှိခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ငှားရမ်းခရငွေများ၊ ကန်ထရိုက်လိုင်စင်ခများနှင့်လုပ်ငန်းလိုင်စင်ခများ၊ စီးပွားရေးအမှိုက်သိမ်းဆည်းခများပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ အဆောက်အဦစစ်ဆေးခများ၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်စိုက်ထူခများ၊ စားသောက်ဆိုင် ဘေးအန္တရာယ်လိုင်စင်ခများ၊ ဈေးဆိုင်ခန်းငှားရမ်းသူအမည်ပြောင်းခြင်းနှင့် လျှောက်လွှာရောင်းချရငွေများ ပိုမိုရရှိခြင်း။

(၁၃) ရှောဝတီတိုင်းဒေသကြီး။ အခြားသာမန်ရငွေ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆိပ်ကမ်းကပ်ခ၊ မြေယာဒဏ်ကြေးပေးသွင်းခြင်း၊ တင်ဒါပုံစံရောင်းရငွေများ၊ ဆိုင်ကယ်ဒဏ်ကြေးများ၊ ရုပ်ရှင်လိုင်စင်ခနှင့် ဆိုင်ခန်းငှားရမ်းခများ၊ အခွန်ဝေစု ပိုမိုရရှိခြင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ ဘဏ္ဍာသိမ်း ကျွဲ၊ နွားများ၊ ဆိုင်ကယ်များ၊ စက်လှေများနှင့် သင်္ဘောများလေလံတင်ရောင်းချရငွေများ၊ ယစ်မျိုးမှုများမှ အရက်များရောင်းချရငွေ၊ အထွေထွေမှုများမှဒဏ်ငွေများ၊

(ဂ)<u>သာမန်သုံးငွေလျော့နည်းသုံးစွဲမှု</u>

(၁) <u>တနင်္သာရီတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၌ ဝန်ထမ်းအသစ်များ မခန့်ထားနိုင်ခြင်း၊ ဝန်ထမ်းများ လုပ်သက်ခွင့်ခံစားခြင်း၊ ဝန်ထမ်းများအခြားပြည်နယ်/တိုင်းသို့ ပြောင်းရွှေ့သွားခြင်း၊ နိုင်ငံခြားသို့ခရီးသွားလာမှုနည်းပါးခြင်း၊ လုပ်အားခများ၊ ငှားရမ်းခများ၊ ပြပွဲပြိုင်ပွဲအသုံးစရိတ်များ၊ ယာဉ်ပြင်ဆင်စရိတ်များ၊ မြို့နယ်အလုပ်သမားရေးရာအငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့အနေဖြင့် အမှုကြိမ်ရေနည်းပါးခြင်း ၊ ကွင်းဆင်းသည့် အကြိမ်အရေအတွက်နည်းခြင်း၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မီးသုံးစွဲမှုအား စိစစ်သုံးစွဲခြင်း၊ တယ်လီဖုန်း အခွန်အခများစိစစ်သုံးစွဲခြင်း ၊ စက်သုံးဆီဈေးနှုန်းများလျော့နည်းခြင်း၊ ကလေးလုပ်သား စစ်တမ်းကောက်ယူမှုလုပ်ငန်းများမဆောင်ရွက်နိုင်ခြင်း၊ ADSL လိုင်း အစား ဖိုင်ဘာအင်တာနက်ကို ပြောင်းလဲသုံးစွဲခဲ့ခြင်း၊ ပြည်တွင်းသို့လာရောက်သော နိုင်ငံခြားအစိုးရကိုယ်စားလှယ်များ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများသို့ လက်ဆောင်ပေးမှုလျော့နည်းခြင်း၊ ပညာပေးသင်တန်းဖွင့်လှစ်နိုင်မှုမရှိခြင်း၊ အစည်းအဝေးပြုလုပ်သည့် အကြိမ်ရေနည်းခြင်းကြောင့် လျော့နည်းခြင်း။

(၂) <u>ပဲခူးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၌ ဝန်ထမ်းသစ်များခန့်ထားနိုင်မှုမရှိသေးခြင်း၊ ဝန်ထမ်းများရာထူးမှနှုတ်ထွက်ခြင်း၊ ဝန်ထမ်းများပင်စင်ယူခြင်း၊ ဝန်ထမ်းများပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခန့်ထားနိုင်မှုမရှိသေးခြင်း ၊ ပြည်တွင်းခရီးနှင့် နိုင်ငံခြားသို့ခရီးသွားလာမှုနည်းပါးခြင်း၊ ပိုင်ရှင်မဲ့ပစ္စည်းဖမ်းဆီးရရှိမှုမရှိ၍ သတင်းပေးသူသို့ ဆုငွေထုတ်ပေးမှုလျော့နည်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ စိစစ်သုံးစွဲခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ချို့ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေနှင့် UNDP မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ပထမအရစ်သာလွှဲပြောင်းပေးပို့ခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း၊ မော်တော်ယာဉ်သက်တမ်းတိုးခများ မပေးချေရသေးခြင်း၊ အဆောက်အဦ ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်မှုမရှိသေးခြင်း ၊ မီတာများ လျှောက်ထားမှုမရှိသေးခြင်း ၊ လုပ်ငန်းသုံး

ပစ္စည်းများ စိစစ်ဝယ်ယူခြင်း၊ ငါးဆေးထိုး၊ သားဖောက်လုပ်ငန်း ရာသီချိန် မကျ ရောက်သေးခြင်း၊ နိုက်ထရိုဂျင်သယ်ယူရန် လျာထားသော်လည်း နိုက်ထရိုဂျင်ရရှိမှု အခက်အခဲကြောင့် သယ်ယူပို့ဆောင်ခ လျော့နည်းခြင်း၊ ညှော်ခံစရိတ်များ စိစစ်သုံးစွဲခြင်း၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ္ဘာ့အိုဇုန်လွှာထိန်းသိမ်းရေးနေ့ အခမ်းအနားများမကျင်းပရသေးခြင်း၊ အငှားအိမ်ရာတိုက်များ ဆေးသုတ်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းအတွက် လျော့နည်းပေးချေရခြင်း၊ လမ်း/တံတားလုပ်ငန်းများ ပြင်ဆင်ရန်အတွက် ငွေထုတ်ယူမှုမရှိသေးခြင်း၊ သင်တန်းများဖွင့်လှစ်နိုင်မှုမရှိသေးခြင်း၊ စက်သုံးဆီနှင့် ကျွေးမွေးစရိတ်များစိစစ်သုံးစွဲခြင်း၊ သာယာလှပရေးလုပ်ငန်းအချို့ ဆောင်ရွက်နိုင်မှုမရှိသေးခြင်းနှင့် ကယ်ဆယ်ရေးရန်ပုံငွေအား ထုတ်ယူသုံးစွဲမှု မရှိသေးခြင်း။

(၃) <u>မန္တလေးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ခရီးစရိတ်များလျော့နည်းသုံးစွဲခြင်း၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ၏ စက်သုံးဆီဖိုးများလျော့နည်းခြင်း၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုအတွက် အသုံးစရိတ်များ ပေးချေရန် လျော့နည်းသုံးစွဲခြင်း၊ ညှော်ခံကျွေးမွေးစရိတ်များလျော့နည်းသုံးစွဲခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ခရီးစရိတ်များလျော့နည်းသုံးစွဲခြင်း၊ ရုံးသစ်အား အလုံးစုံအာမခံထားရန် လျာထားသော်လည်း အာမခံထားရှိမှုမရှိသေးခြင်း၊ ရုံးသစ်သို့ မပြောင်းရွှေ့ရသေးခြင်း၊ ဝန်ထမ်းများအတွက် သင်တန်းများမဖွင့်ရသေးခြင်းကြောင့် လျော့နည်းခြင်း။

## ငွေလုံးငွေရင်းရငွေ၊သုံးငွေ

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး / ပြည်နယ်(၁၄)ခု၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပထမ(၆)လပတ်လျာထားချက် ကျပ် ၃၄,၁၂၆.၀၃၉ သန်း ဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၃,၂၈၃.၁၄၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၇.၅၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၆) လပတ် လျာထားချက် ကျပ် ၁,၀၇၂,၆၃၁.၁၄၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၈၇,၈၃၇.၆၉၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၄.၁၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

မော်တော်ယာဉ်မှုများမှ ဒဏ်ငွေများပိုမိုကောက်ခံရရှိခြင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ လစာနှင့် ခရီးစရိတ် ပိုထုတ်မိငွေများ ပြန်လည်ပေးသွင်းခြင်းမှရငွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဘီလီယက်ခုံကြေး၊ ကျွဲ/နွားလေလံမှရငွေများ ပိုမိုရရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ အထပ်မြင့်အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် စစ်ဆေးခရရှိခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးလိုင်စင်ကြေးများ တိုးမြှင့်ခဲ့သဖြင့်ပိုမိုရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရိစ္ဆာန် ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များ အတိုင်း အခကြေးငွေများကို သတ်မှတ်နှုန်းထားများနှင့်အညီ တိုးမြှင့်ကောက်ခံ ခြင်းကြောင့် ပိုမိုရရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစား လုပ်ငန်းမှတ်ပုံတင်လျှောက်လွှာ ရောင်းချခြင်းမှရငွေ၊ သက်တမ်းတိုးကြေးရရှိခြင်း၊ သက်တမ်းလွန်ဒဏ်ကြေး ရရှိခြင်း၊ ခတ်ခွဲစမ်းသပ်ခရငွေပိုမိုရရှိခြင်း၊ သစ်တော ဦးစီးဌာနမှ ဖမ်းဆီးသစ်များအား ဒဏ်ကြေးတပ်ရိုက်ခြင်းမှ ရရှိသောဒဏ်ငွေများမှ ပိုမိုရရှိခြင်း၊ သတ္တုတွင်းဦးစီးဌာနမှ လိုင်စင်ကြေးနှစ်ဟောင်း ကြွေးကျန်များနှင့် နောက်ကျရက်လွန် ဒဏ်ကြေးများ၊ လိုင်စင်မဲ့ဒဏ်ကြေးများ ကောက်ခံရရှိခြင်း၊ လမ်းဦးစီးဌာနမှ ကတ္တရာပုံးခွံများ လေလံတင်ရောင်းချရငွေ၊ ပစ္စည်းပေးသွင်းသူများ ထံမှ တင်ဒါစည်းကမ်းအရ Depositများအား ဘဏ္ဍာငွေအဖြစ်သိမ်းယူခြင်းနှင့် တင်ဒါပစ္စည်းပေးသွင်းမှု နောက်ကျခြင်းအတွက် ဒဏ်ကြေးရရှိခြင်း၊ စည်ပင် သာယာရေးအဖွဲ့မှ လေလံကြေးငွေများ အကြေပေးသွင်းမှုရှိခြင်း၊ အဆောက်အအုံ စစ်ဆေးခများ၊ လုပ်ငန်းလိုင်စင်ခများပြည့်မီစွာကောက်ခံရရှိခြင်းတို့ကြောင့် ပိုမို ရရှိခြင်း။

(ခ)<u>သာမန်သုံးငွေပိုမိုသုံးစွဲမှု</u>

(၁) <u>မွန်ပြည်နယ်။</u> ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊အဖွဲ့အစည်းများတွင် ပြင်ဆင်ထိန်းသိမ်းစရိတ်များ၌ စက်ကိရိယာနှင့် မော်တော်ယာဉ်ပြင်ဆင်စရိတ်များ၊ လမ်း/ တံတားပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် တင်ဒါခေါ်ယူသည့်လုပ်ငန်း များအချိန်မီပြီးစီးသဖြင့် လျာထားသည့်ငွေအား သုံးစွဲနိုင်ခြင်း၊ မူလတန်းကျောင်း များတွင် နို့ဖာ ထောက်ပံ့ခြင်း၊ သောက်သုံးရေရှားပါး၍ ထောက်ပံ့ခြင်းနှင့် ဧည့်ခံ ကျွေးမွေးစရိတ်များ လျာထားသည်ထက်ပိုမိုသုံးစွဲခြင်း။

(က)ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု

(၁) ကချင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၌ မလိခ၀န်ထမ်းအိမ်ရာရှိ သက်တမ်းရင့် အဆောက်အဦ ဟောင်း(၄)လုံးအား ဖျက်သိမ်းခဲ့ခြင်းအတွက် အဆောက်အဦဟောင်းရောင်း ရငွေ ရရှိခြင်း။

(၂) ကယားပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက်ပိုမိုရရှိခြင်းမှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အဆောက်အဦဟောင်းဖျက်သိမ်းခြင်းမှ ရငွေများ၊ စည်ပင်သာယာရေးအဖွဲ့တွင် ဈေးများအဆင့်မြှင့်တင်တည်ဆောက်ပြီး ဈေးဆိုင်ခန်းများ အရစ်ကျစနစ်ဖြင့် ရောင်းချရငွေများ ရရှိခဲ့ခြင်း။

(၃) ကရင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအဆောက်အဦဟောင်းလေလံတင် ရောင်းချ ရငွေများနှင့် စည်ပင်သာယာရေးအဖွဲ့မှ မတည်ပစ္စည်းရောင်းရငွေများ ရရှိခြင်း။

(၄) ချင်းပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း အားကစား နှင့်ကာယပညာဦးစီးဌာနတွင် ဆယ်တင်ပစ္စည်းများအားရောင်းချရငွေ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၀န်ထမ်းအိမ်ရာဟောင်း(၃)လုံးအား အစားထိုးတည် ဆောက်ရာတွင် လေလံတင်ရောင်းချခြင်းမှ ရငွေများရရှိခြင်း။

(၅) စစ်ကိုင်းတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် စက်ရက်ကန်းခန်းမဆောင် အဆောက်အဦပစ္စည်းရောင်းရငွေရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ရေစက်ဟောင်း ရောင်းရငွေနှင့် ယာဉ်စက်ယန္တရားဟောင်းရောင်းရငွေတို့ရရှိခြင်း။

(၆) တနင်္သာရီတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ပင်လုံအိမ်ရာတိုက်ခန်းရောင်းချ ရငွေများပေးသွင်း လာခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သွပ်ပြားအဟောင်း ရောင်းချရငွေ ရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ဈေးဆိုင်ခန်းလွတ်များ လေလံတင်ရောင်းချခြင်း တို့မှရရှိခြင်း။

(၇) ပဲခူးတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း မြို့ပြ နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆောက်အဦဟောင်းများ ရောင်းချရငွေနှင့်

စည်ပင်သာယာရေးအဖွဲ့မှ ဈေးဆိုင်ခန်းများ၊ ရေမီတာ၊ ပစ္စည်းဟောင်းများနှင့် ကတ္တရာပီပါခွံရောင်းရငွေများရရှိခြင်း။

(၈) မကွေးတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ပိုမိုရရှိခြင်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှသုံးစွဲ၍မရသော ရုံးသုံးစက်ကိရိယာအဟောင်းများ ရောင်းချခြင်းမှရငွေရရှိခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဈေးဆိုင်ခန်းများရောင်းချ ရငွေများပိုမိုရရှိခြင်း။

(၉) မွန်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်းပြည်နယ် အစိုးရအဖွဲ့ရုံးမှ ကြာအင်းအိမ်ရာစီမံကိန်းရှိ တိုက်ခန်းများရောင်းချရငွေ၊ ဂိုဒေါင် အဆောက်အဦဟောင်း လေလံရောင်းချရငွေ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အဆောက်အဦဟောင်း လေလံတင်ရောင်းရငွေ၊ စည်ပင်သာယာရေးအဖွဲ့မှ ကတ္တရာပီပါခွံနှင့် ရေမီတာရောင်းချရငွေများ ရရှိခြင်း။

(၁၀)ရန်ကုန်တိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် ပိုမို ရရှိခြင်းမှာ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ အဆောက်အဦရောင်းချ ရငွေများရရှိ ခြင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ရုံးအဆောက်အဦပျက်စီးခြင်းအတွက် တာဝန်ရှိသူမှ ပေးလျော်ရမည့် ပထမအရစ် (၂၅%) လျော်ကြေးငွေရရှိခြင်း၊ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေကွက်နှင့်ရေမီတာများ ပိုမိုရောင်းချ ရသဖြင့် လျာထားချက်ထက် ကျော်လွန်ရရှိခဲ့ခြင်း။

(၁၁)ရှမ်းပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်းစည်ပင် သာယာရေးအဖွဲ့မှ မော်တော်ယာဉ်အဟောင်းများပြန်လည်ရောင်းချခြင်းနှင့် ရေမီတာများ ရောင်းချခြင်းမှရရှိခြင်း။

(၁၂)ဧရာဝတီတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်မရှိသော်လည်း ဒေးဒရဲ၊ ညောင်တုန်း၊ ပန်းတနော်၊ ငပုတော၊ ပုသိမ်မြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့၏ မော်တော်ယာဉ်၊ စက်ကိရိယာတန်ဆာပလာ၊ အဆောက်အအုံ၊ နေရာ ထိုင်ခင်းနှင့် မြေနေရာရောင်းချခြင်းတို့မှ ရငွေများပိုမိုရရှိခြင်း။

(ခ)ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု

(၁) မန္တလေးတိုင်းဒေသကြီး။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက်လျော့နည်း ရရှိခြင်းမှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တန်ဖိုးမျှတအိမ်ရာ

တိုက်ခန်းမဲပေါက်သူများမှ လာရောက်ပေးသွင်းခြင်း မရှိသေးပါသဖြင့် လျော့နည်းရရှိခြင်းနှင့် Consultant ငှားရမ်းခြင်းလုပ်ငန်းများအတွက် ဝန်ဆောင်ခများ ပေးချေခြင်းနှင့် လုပ်ငန်း၏စာချုပ်အရ ကျန်ငွေများအား ပေးချေရာတွင် ခွင့်ပြုမိန့်တောင်းခံဆဲဖြစ်၍ မပေးချေရခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၂) ရခိုင်ပြည်နယ်။ ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခြင်းမှာ ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့သည့် တန်ဖိုးနည်းအိမ်ရာများ၏ ရောင်းချရငွေများရရှိရန် လျာထားသော်လည်း အပြည့်အဝမရရှိသေးခြင်း၊ အိန္ဒိယနိုင်ငံမှရရှိမည့် ပြည်ပအကူအညီရငွေသည် ပထမ(၆)လ ကုန်ဆုံးသည် အထိမရရှိသေးခြင်း။

(ဂ)ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု

(၁) ကချင်ပြည်နယ်။ ပြည်နယ်အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးနှစ်အတွင်း မပြီးပြတ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် AC ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ပြည်နယ်လွှတ်တော်ရုံး ညှော့ရိပ်သာဝန်းအတွင်း လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိအိမ်ပတ်လည်မြေနေရာအား မြေဖို့ခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ မပြီးစီးသည့်အတွက် ငွေထုတ်ပေးမှုမရှိခြင်း၊ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းမှာ မြေနေရာအခက်အခဲကြောင့် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အချို့လုပ်ငန်းများမှာ လုပ်ငန်းများပြီးပြတ်မှု မရှိသေးသည့်အတွက် ငွေထုတ်ပေးမှုမရှိခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်သော်လည်း ရန်ပုံငွေများထုတ်ယူသုံးစွဲမှုမရှိခြင်း၊ အချို့လုပ်ငန်းများအတွက် ရုံးချုပ်သို့ခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ခြင်း၊ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ ငွေလာရောက်ထုတ်ယူသည့်ပမာဏ နည်းပါးခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူနိုင်မှုမရှိသေးခြင်းကြောင့် လျော့နည်းခြင်း။

(၂) ကယားပြည်နယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်းများမှာ လုပ်ငန်း၏ သတ်မှတ်ရာခိုင်နှုန်း မပြီးသဖြင့် ငွေထုတ်ယူမှုလျော့နည်းခြင်း၊ အချို့လုပ်ငန်းများအတွက်သက်ဆိုင်ရာ ကော်မတီများမှ ခွင့်ပြုမိန့်မရရှိသေးခြင်း၊

တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း ၊ ပစ္စည်းဝယ်ယူရေးနှင့် ဆောက်လုပ်ရေး လုပ်ငန်း အချို့တွင်တင်ဒါပိုငွေများ ဖြစ်ပေါ်သဖြင့် လျော့နည်းခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန် ဈေးနှုန်းစိစစ်ရေး ကော်မတီသို့ တင်ပြထားဆဲဖြစ်သဖြင့် ဝယ်နိုင်မှုမရှိသေးခြင်း၊ လမ်းတံတားလုပ်ငန်းများမှ တောင်းခံထားသည့် ငွေထုတ်ခွင့်များမကျသေးသောကြောင့်လျော့နည်းခြင်း။

(၃) <u>ကရင်ပြည်နယ်။</u> ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်းများတွင် တင်ဒါခေါ်ယူမှုနောက်ကျခြင်းကြောင့် ငွေမပေးချေရသေးခြင်း၊ ပြည်နယ်လွှတ်တော်တွင် ဓါတ်လှေကားလုပ်ငန်း၌ ဈေးနှုန်းများကျခြင်း၊ စက်ကိရိယာများ မဝယ်ယူရသေးခြင်း၊ တည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ငွေပေးချေမှု မရှိသေးခြင်း၊ စက်ကိရိယာဝယ်ယူရန် လျာထားသော်လည်း ဝယ်ယူမှုနောက်ကျခြင်း။

(၄) <u>စစ်ကိုင်းတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် တင်ဒါခေါ်ယူမှု နောက်ကျခြင်း၊ တင်ဒါခေါ်ယူထားဆဲဖြစ်ခြင်း၊ လုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်သောကြောင့် ငွေထုတ်ယူမှုများမရှိခြင်း၊ တိုင်းဒေသကြီးလွှတ်တော်နှင့် စိုက်ပျိုးရေးဦးစီးဌာနတွင် လုပ်ငန်းများရပ်ဆိုင်းထားခြင်းကြောင့် လျော့နည်းခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် တင်ဒါခေါ်ယူထားဆဲ ဖြစ်ခြင်း၊ အချို့လုပ်ငန်းများမှ ငွေထုတ်ခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ပြီး ငွေထုတ်ယူနိုင်ခြင်းမရှိသည့်အတွက် လျော့နည်းခြင်း ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတွင် Third Party စစ်ဆေးခများ ပေးချေရန်နှင့် အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် အသုံးစရိတ်များ ပေးချေရန် ကျန်သောကြောင့်လျော့နည်းခြင်း။

(၅) <u>တနင်္သာရီတိုင်းဒေသကြီး။</u> တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၌ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်းများမှာ လုပ်ငန်း၏ ၂၅ % ပေးချေရန် လျာထားခဲ့သော်လည်း ၂၀ %သာ ပြီးစီးသဖြင့် ငွေပေးချေနိုင်မှု မရှိသေးခြင်း ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ပါဝင်သည့်ဌာနများမှ ငွေထုတ်ယူရန် ထောက်ခံချက်များ ဆောင်ရွက်နေရခြင်းနှင့် ရန်ပုံငွေတောင်းခံလာမှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းခြင်း၊ ပတ်ဝန်းကျင်

ထိန်းသိမ်းရေးဦးစီးဌာနမှ (၂)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ငွေပေးချေနိုင်မှု မရှိသေးခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ငွေထုတ်ယူနိုင်ရန်အတွက် Design Estimate အတည်ပြုချက်များမရရှိသေးခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းကော်မတီမှ အတည်ပြုချက်မရရှိသေးခြင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပုလော၊ မြိတ်၊ ကျွန်းစုမြို့တို့၌ (၆) ခန်းတွဲ၊ (၄) ထပ်တိုက် ဆောက်လုပ်ခြင်းတို့အတွက် ငွေမပေးချေရသေးခြင်း၊ အချို့ဌာနများ တွင်တင်ဒါခေါ်ယူရာတွင်တင်ဒါအောင်မြင်ဈေးနှုန်းလျော့နည်းခြင်း၊ တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲဖြစ်ခြင်း ၊ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူနိုင် မှုမရှိသေးခြင်း။

(၆) <u>ပဲခူးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့ အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်း များမှာ လုပ်ငန်း၏သတ်မှတ်ရာခိုင်နှုန်းမပြီးသဖြင့် ငွေထုတ်ယူမှုမရှိ သေးခြင်းနှင့် လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက်သာအရစ်ကျငွေပေးချေရခြင်း၊ အချို့တင်ဒါ လုပ်ငန်းများ ပြီးပြတ်မှုမရှိသဖြင့် ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများအား ငွေထုတ်ယူခွင့်တင်ပြထားဆဲဖြစ်ခြင်း၊ တင်ဒါဈေးနှုန်းကွာခြား ခြင်း၊ မီးငြိမ်းသတ်ယာဉ်များအတွက် ငွေထုတ်ယူနိုင်မှုမရှိသေးခြင်း၊ တင်ဒါ အောင်မြင်သည့်ကုမ္ပဏီများမှ ပစ္စည်းများပေးသွင်းပြီးသော်လည်း ငွေတောင်းခံမှု မပြုသေးခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် အခြားရုံးသုံးပရိဘောဂပစ္စည်းများ လျာထားချက်ရှိသော်လည်း ဝယ်ယူနိုင်မှုမရှိသေးခြင်း။

(၇) <u>မကွေးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် အချို့လုပ်ငန်း များ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်နေ သည့်လုပ်ငန်းများ၏ လုပ်ငန်းပြီးစီးမှုအလိုက်ငွေပေးချေရခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများ စိစစ်ရေးနှင့်ပစ္စည်းဝယ်ယူမှု ကော်မတီသို့ တင်ပြထားဆဲဖြစ်ခြင်း ကြောင့် ငွေထုတ်ယူမှုမရှိသေးခြင်း၊ ငါးလုပ်ငန်းစခန်းသစ်တည်ဆောက်နိုင်ရန် တိုင်းမြေစာရင်းဦးစီးဌာနနှင့် ညှိနှိုင်းဆဲဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတွင် တင်ဒါအောင်မြင်သော အချို့ကုမ္ပဏီများမှ လုပ်ငန်းများဆောင်ရွက် နေသော်လည်း ငွေတောင်းခံမှုမရှိသေးခြင်း၊ ကျေးလက်လမ်းတံတားများအား မူလလျာထားသည့်လုပ်ငန်းများအစား မြေပြင်အခြေအနေနှင့် ဒီဇိုင်းများပြောင်းလဲ

ခြင်းကြောင့် လုပ်ငန်းများပြောင်းလဲ ဆောင်ရွက်ရန် တင်ပြထားသော်လည်း ခွင့်ပြုမိန့် မရရှိသေးခြင်း၊ မြေနီ/ ကျောက်စရစ်ဈေးနှုန်း ခွင့်ပြုမိန့် တောင်းခံထားဆဲဖြစ်ခြင်း၊ အမှိုက်ကျင်း ဝယ်ယူရန်ကျန်ရှိနေခြင်း။

(၈) <u>မန္တလေးတိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်အချို့လုပ်ငန်းများ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများတွင် လုပ်ငန်းပြီးစီးမှု ၂၅ % မရှိသည့်အတွက် ငွေတောင်းခံမှုမပြုသေးခြင်း၊ တောင်ခြေမြေလျှောင်စခန်း၌ ရေတွင်းတူးခြင်းအစား ရေသွယ်တန်းခြင်းလုပ်ငန်းသို့ ပြောင်းလဲတင်ပြထားရာဆောင်ရွက်နိုင်မှု မရှိသေးခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးစီမံကိန်းလုပ်ငန်းများအတွက် ငွေပေးချေ၍ မရသေးခြင်း၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ သတ်မှတ်ရက်ထက်မရောက်ရှိသေးခြင်းအတွက် ငွေပေးချေမှုမရှိသေးခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ဒါအောင်မြင်ပြီးဖြစ်သော်လည်း ငွေထုတ်ပေးရမည့် လုပ်ငန်းရာခိုင်နှုန်း မပြည့်မီခြင်းအတွက် ငွေထုတ်ယူနိုင်မှုမရှိခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (ရုံးချုပ်)အား သုံးစွဲခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ရုံးမှ ထုတ်လုပ်သူဈေးဆန္ဒနှုန်းကိန်းစစ်တမ်း ကောက်ယူသည့်အသုံးစရိတ်တွင် ဒီဇင်ဘာလအတွက် သွားရောက်ကောက်ယူစရိတ် ကျန်ရှိနေပါသဖြင့် လျှော့နည်းခြင်း၊ စည်ပင်သာယာရေးကော်မတီတွင် တန်ဖိုးမျှအိမ်ရာနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ကုမ္ပဏီမှငွေတောင်းခံနိုင်မည်ဖြစ်သည့်အတွက် လျှော့နည်းခြင်း၊ e-government အခြေခံလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် ရုံးသုံးပရိဘောဂများဝယ်ယူနိုင်မှု မရှိသေးခြင်း။

(၉) <u>ရခိုင်ပြည်နယ်။</u> ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန ၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းအချို့မှာ လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ငွေထုတ်ယူမှုမရှိသေးခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများ လျာထားသည်ထက် ဝယ်ယူမှုနည်းပါးခြင်းနှင့် အခြားအသုံးစရိတ်များလျှော့နည်းသုံးစွဲခြင်း။

(၁၀)<u>ရန်ကုန်တိုင်းဒေသကြီး။</u> တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့်စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်မှုမရှိသေးခြင်း၊ တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ တည်ဆောက်ရေး လုပ်ငန်း

များအား တင်ဒါအောင်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်နေခြင်း၊ ရုံးသုံး ယာဉ်၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူနိုင်မှုမရှိသေးခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဆောက်အဦ အတွက် (၂၅%) ပြီးစီးပြီဖြစ်သော်လည်း ငွေထုတ်ယူရန်အတွက် တိုင်းဒေသကြီးအစိုးရ အဖွဲ့သို့ ခွင့်ပြုမိန့် တင်ပြတောင်းခံထားဆဲဖြစ်ခြင်း၊ မြေပုံဆွဲခများပေးချေမှုမရှိ ခြင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ကော့မှူးမြို့နယ်ရုံးနှင့် အရှေ့ပိုင်းခရိုင်ရုံး အကြီးစားပြင်ဆင်ခြင်းတို့အတွက် သုံးစွဲနိုင်ခြင်းမရှိသောကြောင့် လျော့နည်းခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြေနေရာ အသစ်ပြောင်းလဲ သတ်မှတ်နေခြင်းကြောင့် လုပ်ငန်းများမဆောင်ရွက်နိုင်သေးခြင်း။

(၁၁) <u>ရောဝတီတိုင်းဒေသကြီး</u>။ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊အဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းအသုံးစရိတ်တွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့အောက်ရှိ ဌာနအချို့မှအသုံးစရိတ်များ ထုတ်ယူမှုမရှိသေးခြင်း၊ လုပ်ငန်းများ ရာနှုန်းပြည့် မပြီးစီးသဖြင့် ငွေထုတ်ယူမှုမရှိခြင်း၊ အချို့ဌာနများတွင် ပစ္စည်း ဝယ်ယူမှု မရှိသေးခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရန် အတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်းနှင့် တင်ဒါဈေးနှုန်းများလျော့ကျ၍လျာထားချက် ထက်လျော့နည်းခြင်း။

**ကြွေးမြီရငွေ၊သုံးငွေ**

၃။ တိုင်းဒေသကြီး / ပြည်နယ်များ၏ ကြွေးမြီရငွေပိုင်းတွင် ပထမ (၆)လပတ် လျာထားချက် ကျပ် ၈၁,၄၁၅.၄၄၇ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၉,၇၈၀.၈၂၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၆.၅၈ ဖြစ်ပါသည်။ ကြွေးမြီ ရငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(က) <u>ကြွေးမြီရငွေပိုမိုရရှိမှု</u>

(၁) <u>ရောဝတီတိုင်းဒေသကြီး။</u> စည်ပင်သာယာရေးအဖွဲ့၏ မြို့နယ်အသီးသီးမှ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်တွင် စုဆောင်းထားရှိသည့် စုဆောင်းငွေများမှ အတိုး ရငွေများလျာထားသည်ထက်ပိုမိုရရှိခြင်း။

(ခ)<u>ကြွေးမြီရငွေလျော့နည်းရရှိမှု</u>

(၁) <u>မန္တလေးတိုင်းဒေသကြီး။</u> စည်ပင်သာယာရေးကော်မတီမှ ရတနာပုံဘဏ်တွင် ထည့်ဝင်ထားသော မတည်ရင်းနှီးငွေအပေါ်ရရှိမည့် အမြတ်ငွေအား မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုချက်မရရှိသေးပါသဖြင့် လျော့နည်းရရှိခြင်း။

(၂) မွန်ပြည်နယ်။ ကြွေးမြီရငွေလျာထားချက်ရှိသော်လည်း လျော့နည်းရရှိခြင်းမှာ စည်ပင်သာယာရေးအဖွဲ့မှ ADB ၏ တင်ဒါခေါ်ယူရေး လုပ်ထုံးလုပ်နည်းများနှင့် အညီ အကြံပေးအဖွဲ့မှ တင်ဒါခေါ်ယူရန် ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းစတင် ဆောင်ရွက်နိုင်မှုခြင်းမရှိသေးခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၃) ရန်ကုန်တိုင်းဒေသကြီး ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကုက္ကိုဝမြစ်ရေပေးဝေရေးစီမံကိန်း၊ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း (မစို)နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှုစီမံကိန်းတို့အတွက် အသေးစိတ်ဒီဇိုင်းများရေးဆွဲခြင်းနှင့် နိုင်ငံတကာကန်ထရိုက်များကိုတင်ဒါခေါ်ယူ ဆောင်ရွက်ဆဲကာလဖြစ်ပါ၍ လျာထားချက်အောက် လျော့နည်းရရှိခြင်း။

၄။ တိုင်းဒေသကြီး / ပြည်နယ်များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆) လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၆.၉၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၉၇.၅၃ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၃၆.၅၈ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှုမှာ ၁၀၃.၂၈ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီ ကျော်လွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ၊ ငွေလုံးငွေရင်း ရငွေတွင် လျာထားချက်နှင့် နီးစပ်စွာရရှိခဲ့ပြီး ၊ ကြွေးမြီရငွေပိုင်းတွင် လျာထားချက် ပြည့်မီရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၅.၆၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၆၄.၁၃ ရာခိုင်နှုန်း၊ စုစုပေါင်းအသုံးစရိတ် ၇၀.၉၉ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာဆောင်ရွက်နိုင်သဖြင့် သာမန်အသုံး စရိတ် အကောင်အထည်ဖော်နိုင်မှု ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။ ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် အများစုမှာတင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ သက်ဆိုင်ရာကော်မတီများမှ ခွင့်ပြုမိန့်များ စောင့်ဆိုင်းနေခြင်းနှင့် တည်ဆောက်ရေး လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ငွေထုတ်ယူမှုမရှိ သေးခြင်းဖြစ်သဖြင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်များအား အပြည့်အဝအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက် သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။